# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့အစီအစဉ်
# [ ၂၈–၁–၂၀၁၃ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **အသက်(၆၀)နှစ်ပြည့်ပြီး ဆက်လက်အမှုထမ်းဆောင်စေခြင်းအား ရပ်ဆိုင်းပေးရန်၊ မဖြစ်မနေလိုအပ်ပါက ကျွမ်းကျင်သူအဖြစ်သာ ခန့်ထားရန်နှင့် လစ်လပ်ရာထူးနေရာဖော်ပြပေးရန် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးနိုင်ခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ခ ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်၊ မြို့နယ်စာရင်းစစ်ရုံးအဆောက်အဦ ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဂ ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော B.E ဘွဲ့ပညာမမီ၍ ကျောင်းထွက်သွားရသော A.G.T.I ဘွဲ့ရသည့်ကျောင်းသား/ ကျောင်းသူများအား မည်သို့စီစဉ်ဆောင်ရွက်ထားသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ ကျန်ရှိနေသေးသော လယ်သမားတာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **စမုံ ရေထိန်းတမံ၏ လက်ဝဲမြောင်း တစ်လျှောက် တပ်ဆင်ထားသော ရေထုတ်ပြွန် ရေတံခါးများနှင့် DY မြောင်း ပျက်စီးကျိုးပြတ်နေမှုနှင့် ပတ်သက်ပြီး ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ကုလားမျှောစိုက်ကွင်း စီမံကိန်း ဧက (၁၄၀၀)ကျော်ရှိ စိုက်ဧကများအတွင်းသို့ သစ်ဆုံလက်ခွဲမြောင်း အမှတ်(၁)မှ ကမ္ဘသဲကန်အထိ ရေစီးရေလာ ကောင်းအောင် ပြုပြင်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"မြန်မာနိုင်ငံရုံးခွန်နှင့် တံဆိပ်ခေါင်း ခွန်နှုန်းထားများကို အသစ်ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်း သတ်မှတ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်-၁၂၂/ ၂၀၁၂နှင့်၁၂၃/၂၀၁၂ အပါအဝင် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၃) နှင့်(၅) ရုံးခွန်နှင့် တံဆိပ်ခေါင်းအခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေများကို အခြေခံ၍ လက်ရှိပြင်ဆင် သတ်မှတ်ထားသော ရုံးခွန်၊ တံဆိပ်ခေါင်းခွန် နှုန်းထားများနှင့်ပတ်သက်၍ ပြန်လည်စဉ်းစား သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၉။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **“ တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။